>>> ရန်ကုန်စတော့အိပ်ချိန်းမှထုတ်ဝေသောသုံးလပတ်သတင်းလွှာ <<<
April. 2024, VOL 12

# YANGON STOCK EXCHANGE

**သုံးလပတ်သတင်းများ**

- စာရင်းဝင်အကြိုဈေးကွက်တွင်မှတ်ပုံတင်အကြံပေးအဖြစ်ဆောင်ရွက်ရန်လုပ်ငန်းလိုင်စင်လက်မှတ်များထုတ်ပေး
- ရန်ကုန်စတော့အိပ်ချိန်းသို့ပုဂ္ဂလိကသင်တန်းကျောင်းများနှင့်တက္ကသိုလ်များမှလေ့လာရေးအဖွဲ့များလာရောက်
- စတော့ရှင်းနှီးမြှုပ်နှံမှုဆိုင်ရာအခြေခံသင်တန်းအပတ်စဉ် (၀၀၁-၂၀၂၄) အားဖေဖော်ဝါရီလတွင်ဖွင့်လှစ်



## စာရင်းဝင်အကြိုဈေးကွက်တွင်မှတ်ပုံတင်အကြံပေးအဖြစ်ဆောင်ရွက်ရန်လုပ်ငန်းလိုင်စင်လက်မှတ်များထုတ်ပေး

ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက် (Pre-Listing Board) ၌ မှတ်ပုံတင်အကြံပေး (Registration Advisor) အဖြစ် ဆောင်ရွက်ရန်လုပ်ငန်းလိုင်စင်ရရှိထားသော ကုမ္ပဏီများဖြစ်ကြသည့် Trust Venture Partner Co., Ltd, Maximax Solution Services Co., Ltd, Myanmar Enterprise Solution Co., Ltd တို့အား အသိအမှတ်ပြု Certificate ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို (၈.၃.၂၀၂၄) ရက်နေ့တွင်ရန်ကုန်စတော့အိပ်ချိန်းအစည်းအဝေးခန်းမတွင်ကျင်းပပြုလုပ်ခဲ့ပါသည်။

## ရန်ကုန်စတော့အိပ်ချိန်းသို့ပုဂ္ဂလိကသင်တန်းကျောင်းများနှင့်တက္ကသိုလ်များမှလေ့လာရေးအဖွဲ့များလာရောက်

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မ ရှင်မှ ကျောင်းသား/သူ(၂၁)ဦးပါဝင်သောလေ့လာရေးအဖွဲ့၊International School Royalsမှကျောင်းသား/သူ (၅၅) ဦး ပါဝင်သောလေ့လာရေးအဖွဲ့၊ UMFCCI မှ သင်တန်းသား/သူ (၄၃) ဦးပါဝင်သောလေ့လာရေးအဖွဲ့၊ U Nay Lin Aung Finance & Accountancy မှသင် တန်းသား/သူ (၂၈) ဦး ပါဝင်သော လေ့လာရေးအဖွဲ့တို့သည် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများတွင် ရန်ကုန် စတော့အိပ်ချိန်းသို့ လေ့လာရေးခရီးလာရောက်ခဲ့ကြပါသည်။ အဆိုပါခရီး စဉ်များအတွင်း ရန်ကုန်စတော့အိပ်ချိန်းမှအမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးမှ “Overview of Capital Market” ခေါင်းစဉ်ဖြင့် အရင်း အနှီးဈေးကွက်ဆိုင်ရာသိကောင်းစရာများကိုရှင်းလင်းပို့ချခဲ့ပါသည်။ တက္က သိုလ်များနှင့် ပုဂ္ဂလိကပညာရေး သင်တန်းကျောင်းများ၏ လေ့လာရေးခရီး စဉ်များကို ရန်ကုန်စတော့အိပ်ချိန်းမှ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီးလေ့ လာရေးလာရောက်လိုပါကရုံးချိန်အတွင်း ဖုန်း (၀၁-၈-၃၇၁ ၂၇၄) သို့ဆက် သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



Securities and Exchange Commission of Myanmar


U Nay Lin Aung Finance & Accountancy


International School Royals

Continued: 

## စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခြေခံသင်တန်းအပတ်စဉ်(၀၀၁-၂၀၂၄) အားဖေဖော်ဝါရီလတွင်ဖွင့်လှစ်

ရန်ကုန်စတော့အိပ်ချိန်း၏ စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်းအပတ်စဉ်(၀၀၁-၂၀၂၄)ကို၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့တွင်ဖွင့်လှစ်ခဲ့ပါသည်။ စတော့ဈေးကွက်ကိုစတင်လေ့လာမည့် သူများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အွန်လိုင်းမှတစ်ဆင့်အချိန်တိုအတွင်း စတော့ဈေးကွက်၏ အခြေခံအချက်များကို လွယ်လင့်တကူလေ့လာသိရှိ နိုင်မည်ဖြစ်ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းတွင်လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဆရာများနှင့် ပြင်ပဘာဏ္ဍာရေးကျွမ်းကျင်သူများမှသင်ကြားပို့ချခဲ့ပါသည်။ သင်တန်းကာလမှာတစ်လခန့်ကြာမြင့်ခဲ့ပြီးသင်တန်းသား (၁၀၀) ကျော်တက်ရောက်ခဲ့ပါသည်။




## စာရင်းဝင်ကုမ္ပဏီများ၏အရေးကြီးထုတ်ပြန်ချက်များ

ဇန်နဝါရီ - ဖေဖော်ဝါရီ - မတ် | ၂၀၂၄

### MCB

- စီမံခန့်ခွဲသူများ၏ဆွေးနွေးချက်များနှင့်စိစစ်လေ့လာချက်များ
- ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအားအသိပေးကြေညာခြင်း

### FPB

- စီမံခန့်ခွဲသူများ၏ဆွေးနွေးချက်များနှင့်စိစစ်လေ့လာချက်များ
- ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအားအသိပေးကြေညာခြင်း
- သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ခြင်းအားအသိပေးကြေညာခြင်း

### TMH

- ဘဏ္ဍာရေးအရာရှိချုပ်အဖြစ်မှ အနားယူခြင်းနှင့် အသစ်ခန့်အပ်ခြင်း

## LISTED COMPANIES UPDATES (Q4-2023-24)

### ■ MCB | JAN 2024

**စီမံခန့်ခွဲသူများ၏ဆွေးနွေးချက်များနှင့်စိစစ်လေ့လာချက်များ**

၂၀၂၄ ခုနှစ် ဇန်နဝါရီလ (၁၉) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်မှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ(၃၀) ရက်နေ့တွင် ကုန်ဆုံးသော (၆)လတာကာလအတွင်း ငွေကြေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏ ရလဒ်များအပေါ် စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်နှင့် စိစစ်လေ့လာချက်များကို အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://rb.gy/6qfx7e

### ■ MCB | JAN 2024

**ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအားအသိပေးကြေညာခြင်း**

၂၀၂၄ ခုနှစ် ဇန်နဝါရီလ (၃၁) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်မှ ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား အများပြည်သူသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://rb.gy/yakrqj

### ■ MCB | MAR 2024

**ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအားအသိပေးကြေညာခြင်း**

၂၀၂၄ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်မှ ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား အများပြည်သူသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://bit.ly/427Nu6

### ■ FPB | JAN 2024

**စီမံခန့်ခွဲသူများ၏ဆွေးနွေးချက်များနှင့်စိစစ်လေ့လာချက်များ**

၂၀၂၄ခုနှစ် ဇန်နဝါရီလ (၃) ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်ဝက် (ဧပြီလမှ စက်တင်ဘာလအထိ) ဝင်ငွေနှင့် အသုံးစရိတ်ရှင်းတမ်း ရှင်းလင်းတင်ပြချက်များ ကိုအများပြည်သူထံအသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/cryF8

### ■ FPB | FEB 2024

**ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအားအသိပေးကြေညာခြင်း**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအားအများပြည်သူသို့အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/nDHOW

### ■ FPB | FEB 2024

**သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ခြင်းအားအသိပေးအကြောင်းကြားခြင်း**

၂၀၂၄ ခုနှစ်ဖေဖော်ဝါရီလ (၂၉) ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ A Insurance နှင့် လုပ်ငန်းများပူးပေါင်းဆောင်ရွက်သွားနိုင်ရန် သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ခြင်းအား အများပြည်သူသို့ အသိပေးကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/mAG25

### ■ TMH | MAR 2024

**ဘဏ္ဍာရေးအရာရှိချုပ်အဖြစ်မှ အနားယူခြင်းနှင့် အသစ်ခန့်အပ်ခြင်း**

၂၀၂၄ခုနှစ် မတ်လ (၁၉) ရက်နေ့တွင် TMH Telecom Public Company limited ၏ ဒါရိုက်တာအဖွဲ့မှ ဘဏ္ဍာရေးအရာရှိချုပ်အဖြစ်မှ အနားယူခြင်းနှင့် ဘဏ္ဍာရေးအရာရှိချုပ် အသစ်ခန့်အပ်မှုကို အများပြည်သူထံ အသိပေးကြေညာခဲ့ပါသည်။အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/zFMOS

Continued: Pg. 2

# YSX QUARTERLY MARKET SUMMARY (Q4- 2023-24)

April. 2024, VOL 12

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


### Continuous Trading + Block Trading

| STATISTICS AT A GLANCE | Q3-23/24 (Oct-Dec) | Q4-23/24 (Jan-Mar) | %CHANGE |
|---|---|---|---|
| အရောင်းအဝယ်ပြုလုပ်သည့်ရက်စုစုပေါင်း | 62 | 61 | |
| စာရင်းဝင်ကုမ္ပဏီအရေအတွက် | 8 | 8 | |
| စတော့အညွှန်းကိန်း (MYANPIX) | 367.25 | 358.98 | -2% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း | 1010867 | 1238967 | 18% |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေ | 16304 | 20311 | 20% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) | 2574 | 3034 | 15% |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုး(ကျပ်သန်းပေါင်း) | 42 | 50 | 17% |
| ဈေးကွက်တန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) | 692,694 | 677,109 | -2% |


# QUARTERLY STOCK PERFORMANCE (Q4- 2023-24)

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


### Continuous Trading Only





ရှယ်ယာစောင်ရေစုစုပေါင်း: - ၄၂၆၅၈
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK ၃၆၂.၀၅ mil





ရှယ်ယာစောင်ရေစုစုပေါင်း: - ၂၀၉၆၀၆
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK ၆၀၂ mil





ရှယ်ယာစောင်ရေစုစုပေါင်း: - ၄၅၅၁
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK ၃၄.၇၅ mil





ရှယ်ယာစောင်ရေစုစုပေါင်း: -၈၂၇၁၈
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK ၁၂၅.၂၃ mil





ရှယ်ယာစောင်ရေစုစုပေါင်း: - ၃၃၈၇
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK ၈.၅၁ mil





ရှယ်ယာစောင်ရေစုစုပေါင်း: - ၂၃၇၃၁
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK ၄၂.၆၆ mil




ရှယ်ယာစောင်ရေစုစုပေါင်း: - ၃၆၆၁
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK ၁၆.၇၆ mil




ရှယ်ယာစောင်ရေစုစုပေါင်း: - ၁၀၁၈၀၉
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK ၁၇၅.၉၀၃ mil




ရှယ်ယာစောင်ရေစုစုပေါင်း: - ၄၇၂၀၇၁
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK ၁၃၆၇.၇၉ mil